# ရေရှည်တည်တံ့သော
# စိုက်ပျိုးရေးနှင့်ကျေးလက်ဒေသ
# အသက်မွေးဝမ်းကြောင်းပညာပေးဆိုင်ရာ
# လမ်းညွှန်




## ရေဒီယိုအစီအစဉ်အတွဲ (၅)

### ပိုမိုကောင်းမွန်သော
### အသက်မွေးဝမ်းကြောင်းအတွက်
### လယ်ယာမြေကို ပြောင်းလဲအသုံးချခြင်း

International Development
Australian Broadcasting Corporation

## ရေဒီယိုအစီအစဉ်အတွဲ (၅)။ ။ ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကြောင်းအတွက် လယ်ယာမြေကို ပြောင်းလဲအသုံးချခြင်း

## မိတ်ဆက်နိဒါန်း

ဤလမ်းညွှန်သည် ရေဒီယို ပညာပေးဇာတ်လမ်းကိုအသုံးပြုပြီး "လွှက်ရည်ကြမ်းစကားဝိုင်း" တစ်ခု ပြုလုပ်ရာတွင် ဦးဆောင်ဆွေးနွေးသူများအတွက် လိုအပ်သော ဆွေးနွေးပွဲလမ်းညွှန်ချက်များကို ဖော်ပြထားသည်။ ဤလမ်းညွှန်ချက်ကို မြန်မာ့အသံ အစီအစဉ်နှင့် တွဲဖက်အသုံးပြုရမည်။ ဝိုင်းဖွဲ့ဆွေးနွေးပွဲ ပြုလုပ်ရသည့် ရည်ရွယ်ချက်မှာ ရေဒီယိုအစီအစဉ်မှတစ်ဆင့် စိုက်ပျိုးရေးနှင့် အသက်မွေးဝမ်းကျောင်းဆိုင်ရာ ကိစ္စရပ်များကို ကျေးလက်နေ ပြည်သူများအား သတင်းအချက်အလက်နှင့် အသိပညာဗဟုသုတ ဖြန့်ဝေပေးရန် ဖြစ်ပါသည်။

## ရည်ရွယ်ချက်များ

ဤစကားဝိုင်းဆွေးနွေးပွဲတွင် ဆွေးနွေးပြီးနောက် ပါဝင်ဆွေးနွေးသူများသည် အောက်ဖော်ပြ အကြောင်းအရာများနှင့် စပ်လျဉ်းသော ၎င်းတို့၏ ဗဟုသုတများ၊ စိတ်နေသဘောထားများနှင့် အပြုအမူများဆိုင်ရာ ပြောင်းလဲမှုများ ဖြစ်ပေါ်စေမည်။

၁။ စိုက်ပျိုးရေးနှင့် ငါးမွေးမြူရေးကို တစ်ပြိုင်တည်း တွဲဖက်လုပ်ကိုင်ခြင်းဖြင့် တောင်သူများ ဝင်ငွေတိုးပွားလာနိုင်သည့် အလားအလာကို သိရှိစေရန်။

၂။ လယ်မြေများသည် စိုက်ပျိုးသီးနှံ အရည်အသွေးနှင့်အထွက်နှုန်းကျဆင်း၍ စိုက်ပျိုးရန်မသင့်လျှင် တောင်သူများသည် ၎င်းတို့၏လယ်မြေများကို အခြားစီးပွားရေးလုပ်ငန်းအတွက် အသုံးပြုရန် ပြောင်းလဲရမည် သတင်းအချက်အလက်များ သိရှိစေရန်။

၃။ ငါးမွေးမြူရေးအတွက် လိုအပ်သော သတင်းအချက်အလက်များနှင့် ဗဟုသုတများကို မည်သည့်နေရာတွင် ရရှိနိုင်ကြောင်း သိရစေရန်။

| | |
|---|---|
| **ဦးဆောင်ဆွေးနွေးသူ။** | ။အစိုးရဌာနများမှ ကျေးလက်ဖွံ့ဖြိုးရေးဝန်ထမ်းများ၊ အရပ်ဖက်အဖွဲ့အစည်းများမှ ဝန်ထမ်းများ |
| **ဆွေးနွေးမည့်နည်းစနစ်။** | ။အုပ်စုဖွဲ့ဆွေးနွေးခြင်း (လက်ဖက်ရည်ကြမ်းစကားဝိုင်း) |
| **ပါဝင်ဆွေးနွေးမည့်သူ။** | ။၅ ဦး အနည်းဆုံး (လယ်သမား၊ လယ်ယာလုပ်သား၊ ကျေးရွာသူကျေးရွာသား) |
| **ကြာမည့်အချိန်။** | ။၁ နာရီ ၂၀ မိနစ် |
| **လိုအပ်သောပစ္စည်း။** | ။CD Player ၊ ပိုစတာဆိုဒ် စာရွက်အကြီး၊ Marker မှတ်စုစာအုပ်နှင့် ဘော်ပင် |

## ဆွေးနွေးပွဲ အစီအစဉ်

**အခန်း ၁။ ။ မိတ်ဆက်ခြင်း (၁၀ မိနစ်)**

➢ ဦးဆောင်ဆွေးနွေးသူ (The moderator) သည် ဆွေးနွေးပွဲသို့ တတ်ရောက်လာသူများ အချင်းချင်း မိတ်ဆက်ခြင်းဖြင့် ဆွေးနွေးပွဲကို စတင်ပါ။ (တစ်ဦးချင်း ၎င်းတို့၏ နေရပ်လိပ်စာနှင့် အသက်မွေးဝမ်း ကြောင်း လုပ်ငန်းကို ပြောပါစေ။)

➢ ဦးဆောင်ဆွေးနွေးသူသည် ပါဝင်ဆွေးနွေးသူတစ်ဦးချင်းစီကို ဤဆွေးနွေးပွဲတတ်ရောက်ခြင်းမှ ၎င်းတို့ ရရှိ မည်ဟု မျှော်လင့်ထားသော တစ်စုံတစ်ရာကို မေးမြန်းဆွေးနွေးပါ။

➢ ဦးဆောင်ဆွေးနွေးသူက ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက်မှာ ဆွေးနွေးပွဲပြီးသည့်အခါ ပါဝင်ဆွေးနွေးသူများသည် အထက်တွင် ဖော်ပြထားသော ရည်ရွယ်ချက်များအတိုင်း သတင်း အချက်အလက်များ ရရှိသွားလိမ့်မည်ဟု ရှင်းလင်းပြောဆိုရန် ဖြစ်သည်။

➢ ထို့နောက် ဆွေးနွေးပွဲအစီအစဉ်ကို ရှင်းပြပါ။

**အခန်း ၂။ ။ ပူးပေါင်းစဉ်းစားခြင်း (၁၀ မိနစ်)**

➢ မိတ်ဆက်ခြင်းပြီးနောက် ဦးဆောင်ဆွေးနွေးသူသည် ပါဝင်ဆွေးနွေးသူများ လိုအပ်သော သတင်းအချက် အလက်များကို ပဏာမသိရှိနိုင်ရန် အောက်ပါ ယေဘုယျဆန်သော မေးခွန်း များကို တစ်ဦးချင်း မေးခြင်း စူးစမ်းလေ့လာ ကြည့်ပါ။

(က) လက်ရှိ အသုံးချသော စိုက်ပျိုးနည်းစနစ်များနှင့် သီးနှံထွက်ရှိမှုအပေါ် သင့်အနေဖြင့် ကျေနပ်မှုရှိပါသလား။

(ခ) ဤဒေသမှ တောင်သူများ အဓိက ရင်ဆိုင်ရသည့် အခက်အခဲများက အဘယ်နည်း။

(ဂ) စိုက်ပျိုးနည်းစနစ်သစ်များကို သင်ယူလေ့လာရန်နှင့် စမ်းသပ်ရန် စိတ်ဝင်စားပါ သလား။ (အဘယ်ကြောင့် စိတ်ဝင်စားသနည်း၊ သို့မဟုတ် စိတ်မဝင်စားသနည်း)

(ဃ) တောင်သူများ စိုက်ပျိုးရေး အသက်မွေးဝမ်းကြောင်းလုပ်ငန်းနှင့် ဝင်ငွေတိုးတက်ကောင်း မွန်စေရန် မည်သည့် သတင်းအချက်အလက်များ လိုအပ်မည်နည်း။

> **ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု (၁)**
>
> ❖ အခန်း (၁) တွင် ဆွေးနွေးပွဲသို့ လာရောက်သူများသည် ဤဆွေးနွေးပွဲ၏ ရည်ရွယ်ချက် များနှင့် ဆွေးနွေးပုံနည်းလမ်းကို သိရှိပြီ ဖြစ်သည်။
>
> ❖ အခန်း (၂) ၏ ရည်ရွယ်ချက်မှာ ပါဝင်ဆွေးနွေးမည့်သူများ တစ်ဦးနှင့်တစ်ဦး ပိုမို ရင်းရင်း နှီးနှီး ဖြစ်စေရန်နှင့် ဆွေးနွေးဖလှယ်လိုစိတ်များ ဖြစ်ပေါ်လာစေရန် နှိုးဆွပေးရန် ဖြစ်သည်။
>
> ❖ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ပါဝင်ဆွေးနွေးသူများက ၎င်းတို့နေ့စဉ်ဘဝအတွက် မည်သည့် သတင်းအချက်အလက်များ လိုအပ်နေကြောင်းကို ဦးဆောင်ဆွေးနွေးသူက နားလည်နိုင် မည် ဖြစ်သည်။
>
> ❖ အထက်ပါ မေးခွန်း (၄) ခုကို ဆွေးနွေးရာတွင် မေးခွန်းတစ်ခုမေးပြီးတိုင်း ပါဝင်ဆွေး နွေးသူ တစ်ဦးချင်းစီ၏အဖြေများကို စာရွက်ချပ်အကြီးပေါ်တွင် ဦးဆောင်ဆွေးနွေးသူက ရေးမှတ်ရ ပါမည်။ ဤအဆင့်တွင် ပြန်လှန်ဆွေးနွေးခြင်း မပြုရပါ။

**အခန်း ၃။** ။ "ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကြောင်းအတွက် လယ်ယာမြေကို ပြောင်းလဲအသုံးချခြင်း" အကြောင်း ရေဒီယိုအစီအစဉ်ကို နားဆင်ခြင်း (၂၀ မိနစ်)

- ဦးဆောင်ဆွေးနွေးသူသည် ဤရေဒီယိုအစီအစဉ် အကြောင်းအရာကို အကျဉ်းမျှ ရှင်းပြပါ။ ထိုသို့ ရှင်းပြရာ တွင် အောက်ပါအချက်များ ပါဝင်ပါစေ။

  - ဤရေဒီယိုအစီအစဉ်က ရောဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်ရှိ ရေနက်ကွင်းစပါး စိုက်ပျိုးနေကြသော တောင်သူများသည် ငါးမွေးမြူရေးကို စိုက်ပျိုးရေးထက် ပိုမို ဝင်ငွေရရှိသည့်အတွက် ၎င်းတို့၏လယ်ယာမြေများကို ငါးမွေးမြူရေးအတွက် ပြောင်းလဲလုပ်ကိုင်ချင်ကြပုံအကြောင်း တင်ဆက်ထားပါသည်။ ဤအစီအစဉ်တွင် စိုက်ပျိုးရေးအတွက်သာ အသုံးပြုရန် တောင်သူများကို လယ်ယာလုပ်ပိုင်ခွင့် ပေးအပ်ထားခြင်းဖြစ်ပြီး၊ ၎င်းသဘောဆန္ဒဖြင့် လယ်ယာမြေ အသုံးချမှုပုံစံကို အလွယ်တကူပြောင်းလဲနိုင်ခွင့် မရှိကြောင်းကို တင်ဆက်ထားပါသည်။

- ထိုနောက် ရေဒီယိုဇာတ်လမ်းအစီအစဉ်ကို ဖွင့်ပြပြီး၊ သေချာအာရုံစိုက်နားစဉ်ရန် တိုက်တွန်းပါ။ နားထောင်နေစဉ်အတွင်း ၎င်းတို့မေးမြန်းဆွေးနွေးလိုသော အကြောင်းအရာများကို စဉ်းစားထားရန် တိုက်တွန်းပါ။

- ရေဒီယိုအစီအစဉ်ကို နားစဉ်ပြီးနောက် ဦးဆောင်ဆွေးနွေးသူက တစ်ဦးချင်းစီကို ၎င်းတို့၏ မှတ်မိသမျှ သတင်းအချက်အလက်များအား မေးမြန်း၍ မှတ်တမ်းတင်ပါ။

**အပိုင်း ၄။** ။ ရေဒီယိုအစီအစဉ် နားဆင်ပြီးနောက် လေ့လာရရှိသော အချက်များကို ဆွေးနွေးခြင်း (၃၀ မိနစ်)

- ပထမဆုံးအနေဖြင့် ဤရေဒီယိုဇာတ်လမ်းကို နားစဉ်ပြီးနောက် မည်သည့်သတင်းအချက်အလက်များ လေ့လာရရှိခဲ့ပြီး၊ ထိုသတင်းအချက်အလက်များအပေါ် ပါဝင်ဆွေးနွေးသူများ၏ အမြင်သဘောထားများအား အုပ်စုဖွဲ့ဆွေးနွေးပါ။ ရေဒီယိုဇာတ်လမ်းမှ ၎င်းတို့ မြင်ခဲ့ကြားခဲ့သမျှအပေါ် မေးခွန်း မေးမြန်းနိုင်ရန် အခွင့်အရေးပေးပါ။

- ဤရေဒီယိုဇာတ်လမ်းတွင် ပါဝင်ဆွေးနွေးသူများအတွက် အရေးကြီးသော ဆွေးနွေးချက်များကို စနစ်တကျ ပြန်လည်ဆွေးနွေးနိုင်ရန် ဦးဆောင်ဆွေးနွေးသူကို အထောက်အပံ့ဖြစ်စေမည့် အချက်များကို အောက်တွင် ဖော်ပြထားပါသည်။

- ပါဝင်ဆွေးနွေးသူများ၏ အရပ်ဒေသနှင့် အသက်မွေးဝမ်းကျောင်း လိုအပ်ချက်ကိုလိုက်၍ ဆွေးနွေးမှုအပိုင်းအားလုံး သို့မဟုတ် အချို့ကို ရွေးချယ်ဆွေးနွေးနိုင်ပါသည်။ ဝိုင်းဖွဲ့ဆွေးနွေးမှုကို အထောက်အကူဖြစ်စေရန် မေးခွန်းများကို အသုံးပြုနိုင်ပါသည်။ ဦးဆောင်ဆွေးနွေးသူသည် "နောက်ဆက်တွဲ (၁) ဆွေးနွေးချက်မှတ်စုပုံစံ" ကိုသုံး၍ ဆွေးနွေးချက်များကို မှတ်တမ်းတင်ပါ။

**(၁) ဖျာပုံမြို့နယ်ရှိ ရေနက်ကွင်းစပါး စိုက်ပျိုးကြသော တောင်သူများ ရင်ဆိုင်ကြုံတွေ့ရသည့် စိန်ခေါ်မှု များက အဘယ်နည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု** ။ (က) ရေနက်ကွင်းစိုက်ခင်းများသည် စပါးအထွက်နှုန်းနည်းပြီး အရည်အသွေးလည်း ကျဆင်းနေခြင်း၊ (ခ) ငါးဈေးကွက် ကောင်းမွန်ခြင်းက တောင်သူများကို

စပါး စိုက်ပျိုးခြင်းထက် ငါးမွေးမြူရန် ဆွဲဆောင်နေခြင်း၊ (ဂ) လယ်ယာမြေဥပဒေသည် တောင်သူများကို စိုက်ပျိုးရေးအတွက်သာ ခွင့်ပြုထားခြင်း ဖြစ်သည်။

**(၂) ရေနက်ကွင်းစပါးခင်းများကို ငါးကန်များအဖြစ် ပြောင်းလဲမည်ဆိုလျှင် တောင်သူများ ဆောင်ရွက်ရ မည့်အရာများက အဘယ်နည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု။** ။ (က) ပထမဆုံးအချက်က လယ်ယာလုပ်ပိုင်ခွင့် ပုံစံ (၇) ရရှိထားသူ တောင်သူက မိမိလယ်ယာမြေသည် မြေဆီလွှာအရည်အသွေး ကျဆင်းနေသဖြင့် သီးနှံစိုက်ပျိုး ၍ မရနိုင်တော့ကြောင်း ထောက်ခံချက်ကို စိုက်ပျိုးရေးဦးစီးဌာနထံမှ ရယူရန်ဖြစ်သည်။ (ခ) ဒုတိယ အချက်အနေဖြင့် တောင်သူသည် လယ်ယာမြေကို အခြားနည်းလမ်းဖြင့် အသုံးပြုခွင့် ပုံစံ (၃၀) ကို လယ်ယာမြေစီမံခန့်ခွဲမှုနှင့် မြေစာရင်းဦးစီးဌာနထံ လျှောက်ထားတောင်းခံရမည် ဖြစ်သည်။ (ဂ) ပုံစံ (၃၀) ရရှိပြီးနောက် ငါးမွေးမြူရေးလုပ်ငန်း လိုင်စင်ရရှိရန် ငါးလုပ်ငန်းဦးစီးဌာနတွင် လျှောက်ထားရမည် ဖြစ်သည်။

**(၃) ငါးလုပ်ငန်း ဦးစီးဌာနက ငါးမွေးမြူချင်သော တောင်သူများကို မည်သည့်အကူအညီများ ပေးသနည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု။** ။ စိုက်ပျိုးရေးမှ ငါးမွေးမြူရေးလုပ်ငန်းကို ပထမဆုံး ပြောင်းလဲလုပ်ကိုင်မည့် တောင်သူသည် ငါးလုပ်ငန်းဦးစီးဌာနမှ ဖွင့်လှစ်သော သင်တန်းတက်ရောက်ခြင်း နှင့် ဌာန မှ နည်းစနစ်ပိုင်းဆိုင်ရာ အကြံညာဏ်များရယူခြင်းဖြင့် အကူအညီရယူနိုင်ပါသည်။ ဥပမာ (က) ငါးကန် သည် တစ်ဧက အကျယ်ရှိပါက ငါးသားပေါက် ထည့်ရမည့် အကောင်ရေ၊ (ခ) ငါးများ ရှင်သန်နိုင်ရန် ရေတွင်ပါဝင်ရမည့် PH အဆင့်၊ နှင့် (ဂ) ငါးများကို အစာကျွေးရမည့် ပမာဏနှင့် အချိန်ဇယား စသည်တို့ ဖြစ်သည်။

**(၄) စိုက်ပျိုးရေးနှင့် ငါးမွေးမြူရေးကို တစ်ပြိုင်နက်တည်း ဆောင်ရွက်မည်ဆိုလျှင် တောင်သူများရရှိမည့် အကျိုးကျေးဇူးများက အဘယ်နည်း။ ဆိုးကျိုးများက အဘယ်နည်း။**

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု။** ။ (က) စိုက်ပျိုးရေးနှင့် ငါးမွေးမြူရေးကို တွဲဖက်လုပ်ကိုင်ပါက လယ်သမားများ ဝင်ငွေတိုးပွား ရရှိမည်။ (ခ) အဆိုပါနည်းလမ်းသည် မြစ်ဝကျွန်းပေါ်ဒေသ၏ ငါးထုတ်ကုန်ကိုလည်း တိုးတက်စေပြီး၊ အစားအစာလုံခြုံမှုကို ပေးသည်။ (ဂ) ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအသင်း (FDA) ၏ အတွေ့အကြုံအရ စပါးနှင့်ငါးကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် စိုက်ပျိုးရေးကို ထိခိုက်မှု မရှိပါ။

**အပိုင်း ၅။ ။ ဆွေးနွေးပွဲ၏ အကျိုးသက်ရောက်မှုကို သုံးသပ်လေ့လာခြင်း (၁၀ မိနစ်)**

- ဤဆွေးနွေးပွဲ မပြီးဆုံးမီ ဦးဆောင်ဆွေးနွေးသူသည် ဆွေးနွေးပွဲအကြောင်းအရာအပေါ် ပါဝင်ဆွေးနွေး သူများ၏ အပြုအမူ သဘောထား မည်ကဲ့သို့ရှိပုံကို အောက်ပါ မေးခွန်းများ မေးမြန်း၍ အကဲဖြတ် လေ့လာရန် ဖြစ်သည်။

- ဤရေဒီယိုအစီအစဉ်ကို ကြည့်ရှုခြင်းဖြင့် မည်သည့် သတင်းအချက်အလက်များ ရရှိခဲ့ပါသနည်း။ ထိုသတင်းအချက်အလက်များသည် သင့်အတွက် အသုံးဝင်ပါသလား။ အဘယ်ကြောင့်နည်း။
- သင်၏ အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ ပိုမိုတိုးတတ် ကောင်းမွန်ရေးအတွက် အခြား မည်သည့် သတင်းအချက်အလက်များ လိုအပ်ပါသနည်း။
- ဤရေဒီယိုအစီအစဉ်တွင် ပါဝင်သော အယူအဆနှင့် နည်းစနစ်တစ်ခုခုကို ပြောင်းလဲကျင့်သုံးရန် ရှိပါသလား။ အကြောင်းရင်းကို ရှင်းလင်းပြပါ။
- ဤရေဒီယိုအစီအစဉ်တွင် ပါဝင်သော အယူအဆနှင့် နည်းစနစ်တစ်ခုခုကို ပြောင်းလဲကျင့်သုံးရန် မည်သည့် အတားအဆီးအခက်အခဲများ ရှိပါသလဲ။
- ဤရေဒီယိုအစီအစဉ်တွင် ပါဝင်သော အယူအဆနှင့် နည်းစနစ်တစ်ခုခုကို ပြောင်းလဲကျင့်သုံးရန် သင့်ကို အထောက်အပံ့ဖြစ်စေမည့် အရာတွေက အဘယ်နည်း။

➢ ဒေသခံပြည်သူများသည် ၎င်းတို့လိုအပ်သော သတင်းအချက်အလက်များ ဆက်လက်ရရှိစေရန် အထက်ပါမေးခွန်းများ၏ အဖြေများကို အခြားပညာပေးလုပ်ငန်းများအတွက် ပြန်လည်အသုံးချနိုင်ရန် မှတ်တမ်းထားရှိပါ။

**ဦးဆောင်ဆွေးနွေးသူအတွက် မှတ်စု (၂)**

ဤရေဒီယိုအစီစဉ်တစ်ခုကို အသုံးပြု၍ စကားဝိုင်းဆွေးနွေးပွဲတစ်ခု ပြင်ဆင်ရာတွင် ဦးဆောင်ဆွေးနွေးသူသည် အောက်ပါ တို့ကို ကြိုတင် ပြင်ဆင်ထားရန် လိုအပ်သည်။

✓ ရေဒီယို အစီအစဉ်ပါ အကြောင်းအရာအတွက် သင့်လျော်သော နားစဉ်သူအုပ်စုကို ကြိုတင်စုစည်းထားပြီး၊ ဆွေးနွေးပွဲမတိုင်မီ ၎င်းတို့အား ကြိုတင်အကြောင်းကြားထားရန်။
✓ အကယ်၍ နားစဉ်သူအုပ်စုသည် တိုင်းရင်းသားများဖြစ်ပြီး ဦးဆောင်ဆွေးနွေးသူသည် ဒေသဘာသာစကားကို မပြောနိုင်ပါက ဒေသခံ ဘာသာစကားပြောဆိုနိုင်သူတစ်ဦးကို ဘာသာပြန်ပေးရန် ကြိုတင်ပြင်ဆင်ထားပါ။
✓ နားစဉ်သူများ အလွယ်တကူ လာရောက်နိုင်သည့် အဆင်ပြေသောနေရာတွင် လုပ်ဆောင်ရန် ဆုံးဖြတ်ပါ။
✓ ဆွေးနွေးပွဲတွင် အသုံးပြုမည့် ပစ္စည်းများ (ဥပမာ - ရေဒီယိုအသံဖိုင် ဖွင့်ပြနိုင်သည့် စက်ကရိယာ) ဆွေးနွေးပွဲ ကျင်းပသည့်နေရာတွင် ရရှိနိုင်ခြင်းရှိမရှိနှင့် မရရှိနိုင်ပါက ဦးဆောင်ဆွေးနွေးသူမှ ၎င်းနှင့်အတူတကွ ယူဆောင် လာရန် ဖြစ်သည်။
✓ ဆွေးနွေးချက်များကို မှတ်တမ်းတင်နိုင်ရန်နှင့် အနာဂတ်ဆွေးနွေးပွဲများအတွက် ပိုမိုကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် အသံဖမ်းစက်ဖြင့် သို့မဟုတ် မှတ်စုစာအုပ်ဖြင့် မှတ်တမ်းတင်ရန် လိုအပ်သည်။

## ဦးဆောင်ဆွေးနွေးသူအတွက် ရည်ညွှန်းကိုးကားချက်

## ပိုမိုကောင်းမွန်သော အသက်မွေးဝမ်းကြောင်းအတွက် လယ်ယာမြေကို ပြောင်းလဲအသုံးချခြင်း

**ဇင်ဝိုင်း (တင်ဆက်သူ)။** ။ ဆန်ဟာ မြန်မာနိုင်ငံရဲ့ အဓိက အစားအစာ ဖြစ်ပါတယ်။ စပါးကို ကုန်းမြင့်ဒေသတွေ ဖြစ်တဲ့ ရှမ်းနဲ့ ချင်းပြည်နယ်တွေမှာရော၊ မြေနိမ့်ပိုင်းဒေသတွေဖြစ်တဲ့ ဧရာဝတီနဲ့ မန္တလေး တိုင်းဒေသကြီးတွေမှာပါ နိုင်ငံရဲ့ ဘယ်နေရာမှာမဆို စိုက်ပျိုးနိုင်ပါတယ်။ ဒါပေမယ့် ဧရာဝတီမြစ်ဝကျွန်းပေါ်ရှိ ရေလွှမ်းမိုးမှုနဲ့ ဆားငန်ရေ ဝင်ရောက်မှုရှိတဲ့ နေရာတွေမှာတော့ ဆားငန်ရေဒဏ်ခံနိုင်တဲ့ စပါးမျိုးတွေကို စိုက်ပျိုး ကြရပါတယ်။ ဒါ့ပေမယ့် လယ် သမားတွေအနေနဲ့ ရေနက်ကွင်းစပါးစိုက်ပျိုးတာဟာ အထွက်နှုန်းနည်းပါးပြီး၊ ဝင်ငွေနည်းလည်း နည်းပါးတဲ့အတွက် ၎င်းတို့ရဲ့ လယ်ယာမြေများကို ငါးမွေးမြူရေးအတွက် ပြောင်းလဲအသုံးပြုချင်နေကြကြောင်း ဖျာပုံမြို့က တောင်သူတွေ ရဲ့ အခြေအနေတွေကို မြန်မာ့အသံရဲ့ အကြီးတန်းအယ်ဒီတာ နွဲ့နွဲ့ခိုင် ကိုယ်တိုင်သွားရောက် မေးမြန်းခဲ့ပြီး အခုလို စုစည်းတင်ပြ ပေးထားပါတယ်။

**နွဲ့နွဲ့ခိုင်။ ။** ရေနက်ကွင်းစပါးဆိုတာ ရေအနက် (၅၀) စင်တီမီတာ ဒါမှမဟုတ် (၂၀) လက်မကျော် ရေလွှမ်းနေတဲ့ လယ်မြေတွေမှာ စိုက်ပျိုးလို့ရတဲ့ စပါးမျိုး တစ်မျိုးဖြစ်ပါတယ်။ ရေနက်ကွင်းစပါးကို စိုက်ပျိုးနေရတဲ့ ဧရာဝတီမြစ်ဝ ကျွန်းပေါ်ဒေသက လယ်သမားတွေဟာ စပါးအရည်အသွေးနဲ့ ထွက်နှုန်း နည်းပါတာကြောင့် ၎င်းတို့ရဲ့ လယ်မြေ တွေ ကို ငါးမွေးမြူရေးကန်များအဖြစ် ပြောင်းလဲချင်ကြပါတယ်။ မွေးမြူရေးငါးတွေရဲ့ ဈေးကွက်ရဲ့ တောင်းဆိုမှုတွေ မြင့်တတ်လာတဲ့အတွက် စပါးစိုက်ပျိုးရာမှ ငါးမွေးမြူရေးကို ပြောင်းလဲလုပ်ကိုင်ပါက လယ်သမားများရဲ့ ဝင်ငွေ လည်း တိုးတက်ကောင်းမွန်လာမှာ ဖြစ်ပါတယ်။ ဒါပေမယ့် မြန်မာနိုင်ငံမှာ လယ်သမားတွေဟာ လယ်ယာမြေ လုပ်ပိုင်ခွင့် ပုံစံ (၇) ရရှိထားရင်တောင်မှ မြေယာအသုံးချမှု ပြောင်းလဲတာကို အစိုးရ ရဲ့ခွင့်ပြုချက်မရှိဘဲ လုပ်လို့ မရပါဘူး။

**ဒါပေမယ့် ဖျာပုံမြို့နယ်ရှိ စိုက်ပျိုးရေးဦးစီးဌာန၏ မန်နေဂျာ ဦးမောင်မောင်သွင် ရှင်းပြတာက**
**ရှင်းပြတာက လယ်ယာလုပ်ပိုင်ခွင့် ပုံစံ (၇)**
**ရှိတဲ့ တောင်သူတွေဟာ ၎င်းတို့ရဲ့ လယ်ယာတွေမှာ စိုက်ပျိုးရေးသာ လုပ်ရမှာဖြစ်ပြီး၊ မိသားစု စားသုံးဖို့ အတွက် လယ်ထဲမှာ ငါးမွေးကန်အသေးစားမျိုးကိုတော့ အသုံးပြုနိုင်ပါတယ်။ တကယ်လို့ စီးပွားဖြစ် ငါးမွေးမယ် ဆိုရင်တော့ ဂ လယ်ယာမြေကို ပြောင်းလဲပြစ်လို့ မရပါဘူး။ မိမိရဲ့ လယ်ယာမြေဟာ စိုက်ပျိုးရေးလုပ်လို့ မရတော့တဲ့ အခြေအနေကို ရောက်ရှိနေတယ်ဆိုရင်တော့ လယ်ယာမြေအသုံးချမှုကို ပြောင်းလဲဖို့ အကြံပြုတယ် လို့ ဆိုပါတယ်။**

**ဦးမောင်မောင်လွင် (မန်နေဂျာ၊ စိုက်ပျိုးရေးဦးစီးဌာန)။** ။ အဓိကက လယ်ယာမြေလုပ်ပိုင်ခွင့်ပေးတာ လယ်ယာ စိုက် ပျိုးဖို့အတွက်ပေါ့။ အဲ့ဒီထဲကမှ တောင်သူက တစ်ပိုင်တစ်နိုင်လည်းဖြစ်မယ့် ရေမြေအနေအထားကလည်း စိုက်ရ ပျိုးရခက်တဲ့နေရာမှာဆိုရင်တော့ တစ်ပိုင်တစ်နိုင်တွေပေးတာရှိပါတယ်။ လယ်ယာမြေလုပ်ခွင့်အတွက်ဘဲ ပုံစံ(၇) အတွက်ပဲ ပေးတာပါ။ လယ်ယာမြေစီမံခန့်ခွဲရေးဆိုတာပါပေမယ့်လို့ အဓိကကတော့ မြေစာရင်းနဲ့ ထွေ/အုပ် ကဘဲ စီမံခန့်ခွဲမှုလုပ်တာပါ။ တစ်ချို့တစ်နေရာတွေ ရှိပါတယ်၊ မွေးမြူရေးလုပ်ငန်း လုပ်ချင်တယ်၊ လျှောက်ကြ တယ်။ အခုလည်း လျှောက်တဲ့သူတွေ ရှိပါတယ်။ တကယ်လို့ သီးနှံစိုက်ပျိုးဖို့ အခြေအနေမပေးဘူးဆိုရင် ကျနော် တို့ဖက်က ဌာနတာဝန်အနေနဲ့ သီးနှံစိုက်ပျိုးတဲ့နေရာမှာ အောင်မြင်ရန်ခက်ခဲတဲ့အတွက်ကြောင့်မို့လို့ မွေးမြူရေးနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ခွင့်ပြုသင့်ပါတယ်လို့ ကျနော်တို့ထောက်ခံပေးတာတွေ ရှိပါတယ်။ လိုအပ်လို့ ဆက် သွယ်လာရင်တော့ ကျနော်တို့ လုပ်ပေးရမယ့်တာဝန် ရှိပါတယ်။ သီးနှံစိုက်ပျိုးတာ ခက်ခဲလို့ ထောက်ခံပေးခဲ့ဖူးတဲ့ မြေတွေ ရှိပါတယ်။ ပြောင်းလုပ်ချင်ရင် လရ (၃၀) ပြောင်းလျှောက်ရမယ်။ အမှန်တကယ် ခက်ခဲတဲ့နေရာတွေဆိုရင် ဌာနက ထောက်ခံပေးတယ်။ သီးနှံစိုက်ပျိုးရန် အမှန်ခက်ခဲလို့ဆိုပြီးတော့ ထောက်ခံပေးခဲ့တာတွေ ရှိပါတယ်။ လိုအပ်လို့ ဆက်သွယ် လာရင် ဌာနကလုပ်ပေးတယ်။ အခုအချိန် အထိ တော့မဆက်သွယ်သေးပါဘူး။

**နွဲ့နွဲ့ခိုင်။ ။** လယ်ယာမြေကို အခြားမြေအဖြစ် ပြောင်းလဲအသုံးပြုဖို့ နောက်ဆုံး ဆုံးဖြတ်ပေးသောဌာနက

လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာန ဖြစ်ပါတယ်။ ထိုဌာနရဲ့ ဖျာပုံမြို့နယ် ဒုတိယဦးစီးမှူး ဦးစိုးမိုးအောင် ပြောပြချက်အရ လယ်ယာမြေကို ပြောင်းလဲအသုံးပြုချင်တဲ့ လယ်သမားတွေဟာ ၎င်းတို့ဌာနကို ပုံစံ (၃၀) ဖြင့် တင်ပြရမည်ဟု ဆိုပါတယ်။

**ဦးစိုးမိုးအောင် (ဒုတိယဦးစီးမှူး၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် မြေစာရင်းဦးစီးဌာန)။** ။ လယ်ယာမြေ စီမံခန့်ခွဲရေးနဲ့ မြေစာရင်းဦးစီးဌာနက တိုက်ရိုက်အမိန့်ထုတ်ပေးတာမဟုတ်ဖူး။ ငါးမွေးတယ်ဆိုရင် ပုံစံ (၇) လည်းကြထားတယ်၊ လယ်မြေကို လရ (၃၀) ပြောင်းမလျှောက်ဘဲနဲ့ အခြားနည်းနဲ့ အသုံးပြုမယ်၊ ငါးကန်တို့ဘာတို့အဖြစ် အသုံးပြုမယ်ဆိုရင်တော့ စည်းကမ်းပျက်လယ်အဖြစ် တားမြစ်ရမယ်။ ခြင်းနဲ့ အရေးယူမှု အပိုင်းတွေလည်း ရှိရင်ရှိလာမယ်။ တကယ်လို့ သူက ငါးကန်းအဖြစ် စက်ရုံအဖြစ်လျှောက်ထားလို့ ပြောင်းလဲလုပ်ကိုင်ခွင့် ကျပြီးမှ လုပ်မယ်ဆိုရင် တရားဝင်ပါတယ်၊ အရေးယူပိုင်ခွင့် မရှိဘူး။

**နွဲ့နွဲ့ခိုင်။** ။ မကြာသေးခင်အချိန်ကစပြီး စပါးအထွက်နှုန်းမကောင်းတဲ့ အတွက်ကြောင့် တောင်သူတွေအနေနဲ့ လယ်မြေပေါ်မှာ ဝင်ငွေပိုမိုရရှိနိုင်မယ့် အခြားသီးနှံကို စိုက်ပျိုးတာပဲဖြစ်စေ၊ ငါးမွေးမြူတာပဲဖြစ်စေ လုပ်ဆောင်လာတဲ့အပေါ် စိုက်ပျိုးမွေးမြူရေးဌာနအနေနဲ့ အားပေးမှုရှိလာတာ တွေ့ရပါတယ်။ ဒါပေမယ့် လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် မြေစာရင်း ဦးစီးဌာနကို ဆက်သွယ်ပြီး လယ်ယာမြေကို အခြားမြေအဖြစ်အသုံးချဖို့ ဥပဒေလုပ်ထုံးလုပ်နည်းနဲ့အညီ ဆောင်ရွက်သွားဖို့လိုတယ်လို့ ဖျာပုံခရိုင်၊ ငါးလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒုတိယ ညွှန်ကြားရေးမှူး ဦးဝင်းကြိုင်က ပြောတယ်။

**ဦးဝင်းကြိုင် (ခရိုင်ဦးစီးမှူး၊ ငါးလုပ်ငန်းဦးစီးဌာန) ။** ။ မြေစာရင်းခွင့်ပြုမိန့် ရပြီဆိုရင် မြေစာရင်းကခွင့်ပြုတဲ့ ပုံစံ (၁၀၅) လိုတယ်၊ သူတို့ရလျှောက်လွှာလိုတယ်၊ အိမ်ထောင်စုစာရင်း လိုပါတယ်။ သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူး ထောက်ခံချက်တွေ ပါရမယ်။ ဒါတွေ ပြည့်စုံပြီဆိုရင်တော့ ငါးလုပ်ငန်းဦးစီးဌာနကို တိုက်ရိုက်လျှောက်ထားနိုင်ပါတယ်။ နောက်တစ်ခုက မွေးမြူရေးနည်းစနစ်နဲ့ အသိပညာတွေကို သင်တန်းပေးပါတယ်။ တစ်ဧကမှာ ငါးသားပေါက် ကောင်ရေ ဘယ်လောက် ထည့်ရတယ်၊ ငါးနေနိုင်တဲ့ ရေရဲ့အခြေအနေ၊ အစာကျွေးချိန်တို့ကအစ နည်းပညာပေး ပါတယ်။ ဖျာပုံမှာလည်း ငါးလုပ်ငန်းနဲ့ပတ်သက်တဲ့ သင်တန်းကျောင်းရှိပါတယ်။ အဲ့ဒီသင်တန်းကျောင်းကလည်း အခါအားလျော်စွာ မွေးမြူ ရေးနဲ့ပတ်သက်တဲ့ ပညာတွေ ပေးပါတယ်။

**နွဲ့နွဲ့ခိုင်။** ။ ခွင့်ပြုချက်ရရှိပြီဆိုရင်တော့ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ယာယီလိုင်စင်ထုတ်ပေးထားမှာ ဖြစ်ပြီးတော့ အမြဲတမ်းလိုင်စင် ရရှိဖို့အတွက်ကိုလည်း ကူညီဆောင်ရွက်ပေးသွားမှာဖြစ်တယ်လို့ ဆိုပါတယ်။ မြန်မာနိုင်ငံမှာ စိုက်ပျိုးရေးဟာ တိုင်းပြည်ရဲ့ အဓိကစီးပွားရေးဖြစ်သလို လယ်ယာကဏ္ဍပြီးလျှင် သားငါးကဏ္ဍဟာဆိုရင် ဒုတိယအရေးပါဆုံး ဖြစ်နေပါတယ်။ ဒ့ါအပြင် ဧရာဝတီတိုင်းဒေသကြီးမှာရှိတဲ့ လူတွေရဲ့ အလုပ်အကိုင် အခွင့်အလမ်းတွေ၊ စီးပွားရေးအခွင့်အလမ်းတွေကို ဖော်ဆောင်နိုင်ဖို့အတွက်ဆိုရင်တော့ ငါးမွေးမြူရေးဟာ ဒေသရဲ့ ဒုတိယ အကောင်းဆုံး လုပ်ကွက်တစ်ခု ဖြစ်ပါတယ်။ ရေနက်ကွင်းစပါး စိုက်ပျိုးတဲ့ လယ်သမားတွေအနေနဲ့ ငါးမွေးမြူရေးကို တစ်နိုင်တစ်ပိုင် တွဲဖက်လုပ်ကိုင်လာနိုင်အောင် တွန်းအားပေး လုပ်ဆောင်နေတယ်လို့ ဖျာပုံခရိုင် ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး အသင်း (FDA) မှ ခရိုင်စာရင်းကိုင် ဦးအောင်နိုင်ထွန်းက အခုလိုပြောပြပါတယ်။

**ဦးအောင်နိုင်ထွန်း (ခရိုင်စာရင်းကိုင်၊ ငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအသင်း)။** ။ လယ်သမားဆိုတာက ငါးနဲ့ ကင်းကွာလို့ မရဘူး၊ ကျနော်တို့ ငါးကန် တစ်ကန် တူးချင်တယ်၊ သီးခြားလယ်ယာမြေဥပဒေအရ တိတိကျကျပြဌာန်းထားတာရှိတယ်၊ ကျနော်တို့ကို အဲ့လယ်ယာမြေ ဥပဒေကရော ခွင့်ပြုရဲ့လား။ ငါးဦးစီးတွေဘက်ကရော ဘယ်လိုကန့်ကွက်မှုတွေ ရှိနိုင်လဲ၊ ဒါမှမဟုတ် နည်းပညာ ပံ့ပိုးမှုတွေ ရှိမှာလား။ သူတို့ဘက်က ပံ့ပိုးပေးနိုင်တာမရှိဘူးဆိုရင် FDA က တောင်သူ တွေကို လယ်ယာမြေဥပဒေနဲ့ပတ်သက်လို့ သိရအောင် ပြန့်ပွားအောင် လုပ်ပေးနိုင်တယ်၊ လုပ်ပေးခဲ့ရတယ်။ နောက်တစ်ခါ ရေချိုငါးလုပ်ငန်းဥပဒေနဲ့ပတ်သက်လို့ ကျယ်ကျယ်ပြန့်ပြန့် ကျေးရွာတွေအထိ ရောက်အောင် ပံ့ပိုးပေးတယ်။ လယ်ယာသားငါးကဏ္ဍက ဒုတိယအရေးအပါဆုံးကဏ္ဍ ဖြစ်နေတဲ့အတွက် လယ်သမားတွေ

အနေနဲ့က တစ်ပိုင်တစ်နိုင် မွေးမြူရေးဘဲလုပ်လုပ် အကြီးစားမွေးမြူရေးဘဲလုပ်လုပ် မြေနေရာက အရမ်းစကား ပြောတယ်။ မြေနေရာကို ပိုင်ဆိုင်တာက ဘယ်သူတွေလဲဆိုတော့ တောင်သူတွေဖြစ်တယ်။ အထူးသဖြင့် ဒေသမှာ ရှိတဲ့ လူတွေရဲ့ အလုပ်အကိုင် အခွင့်အလမ်းကို ဖော်ဆောင်နိုင်ဖို့ ဒေသရဲ့ စီးပွားရေးအခွင့်အလမ်းတွေ ဖော်ဆောင် နိုင်ဖို့ ငါးသယံဇာတဟာ ဧရာဝတီတိုင်းအတွက် အဓိကအကောင်းဆုံး လုပ်ကွက် ဖြစ်တယ်။ အဲ့ဒီအတွက် FDA သည် လယ်သမားတွေကို တစ်ပိုင်တစ်နိုင် ငါးမွေးမြူလာနိုင်အောင် အထူးသဖြင့် စပါးငါးကို လုပ်ဆောင်နိုင်လာ အောင် တွန်းအားပေးတာ တွေ့ရှိတယ်။

**နွဲ့နွဲ့ခိုင်။ ။** စိုက်ပျိုးမွေးမြူရေးကို လုပ်ကိုင်ကြတဲ့ တောင်သူလယ်သမားတွေဟာ ရင်းနှီးလုပ်ကိုင် စားသောက်နိုင် ဖို့အတွက် ငွေကြေးအရင်းအနှီး လိုအပ်ပါတယ်။ တောင်သူတွေလိုအပ်တဲ့ ငွေကြေးအရင်းအနှီးကို စိုက်ပျိုးစရိတ် ချေးငွေအဖြစ် ထုတ်ပေးကြောင်းနဲ့ ထုတ်ယူတဲ့အခါမှာ ပါရှိရမယ့် စာရွက်စာတမ်းများ သတ်မှတ်ပုံစံများ လိုက်နာရ မယ့် စည်းကမ်းချက်တွေနဲ့ သတ်မှတ်အတိုးနှုန်းပုံစံအကြောင်းတွေကို ဖျာပုံမြို့နယ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေး ဘဏ်မှ မန်နေဂျာ ဒေါ်ခင်စောဝတီမြင့် အခုလို ရှင်းပြထားပါတယ်။

**ဒေါ်ခင်စောဝတီမြင့် (မန်နေဂျာ၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)။ ။** ငွေးချေးမယ်ဆိုလို့ရှိရင် ပုံစံ (၇) ရှိတဲ့ လယ် သမားကိုပဲ အဓိကငွေချေးပေးတယ်။ ဘဏ်မှာတော့ စည်းကမ်းသတ်မှတ်ချက်ကလေးတွေ ရှိတာပေါ့၊ လယ်ယာ ဘဏ်ကနေပြီးတော့ သီးသန့်သတ်မှတ်ထားတာပေါ့။ ဒါက နိုင်ငံတော်က တရားဝင်ချမှတ်ထားတဲ့ ဥပဒေပါ။ အိမ် ထောင်စုဇယား ပုံစံ (၆၆) မှာ အိမ်ထောင်စုဇယားရဲ့ အပေါ်ဆုံးမှာရှိတဲ့ အိမ်ထောင်ဦးစီး ဖြစ်ရမယ်။ ကျမတို့ဆီမှာ ငွေချေးချင်တယ် ဆိုရင် သက်ဆိုင်ရာကျေးရွာ ချေးငွေစိစစ်ရေးအဖွဲ့ကို အရင်ဆုံးလျှောက်ရမယ်။

**နွဲ့နွဲ့ခိုင်။ ။** ဆားငန်ရေဝင်ရောက်တဲ့ ဒေသတွေမှာ စပါးစိုက်ပျိုးမှုဟာ အောင်မြင်ဖြစ်ထွန်းမှုမရှိတဲ့အပြင် လယ်သမား မိသားစုတွေရဲ့ စားဝတ်နေရေးပါခက်ခဲပြီး၊ စိုက်ပျိုးစရိတ်ချေးငွေကိုပါ လယ်သမားတွေအနေနဲ့ အကျေမပေးဆပ်နိုင် တာတွေ ရှိနေတာကြောင့် လယ်သမားအများစုဟာ မိသားစုအတွက် အစာအာဟာရ အထောက်အပံ့လည်းရပြီး ဝင်ငွေအဆင်ပြေနိုင်တဲ့ ငါးမွေးမြူရေးကို ပြောင်းလဲလုပ်ကိုင်လိုကြ ပါတယ်။ ဖျာပုံမြို့နယ်တွင် လယ်သမားများ သည် ငါးလုပ်ငန်းဖွံ့ဖြိုးတိုးတတ်ရေးအသင်းကို ထူထောင်ထားပြီ ဖြစ်သည်။ ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာနဝန်ကြီး ဦးဘဟိန်းနဲ့ တွေ့ဆုံတဲ့အခါ နောက်ပိုင်းထွက်ရှိလာမယ့် ရေချိုငါးလုပ်ငန်း ဥပဒေမှာ ပြင်ဆင်သင့်တဲ့ အချက်တွေကို ဆွေးနွေးအကြံပြုခဲ့ပြီး၊ ငါးနဲ့စပါးကို တွဲဖက်လုပ်ကိုင်ခြင်းဖြင့် တိုင်းပြည်ရဲ့ စိုက်ပျိုးရေးလုပ်ငန်းအပေါ် ထိခိုက်မှုမရှိနိုင်ဘဲ၊ လယ်ယာ သားငါးထုတ်ကုန်ကဏ္ဍအပေါ် အများကြီး အကျိုးသက် ရောက်မှုရှိကြောင်း ဖျာပုံခရိုင် ငါးလုပ်ငန်းဖွံ့ဖြိုးရေး အသင်းရဲ့ ခရိုင်ဥက္ကဋ္ဌ ဦးစိုးဝင်းက အကြံပြု ဆွေးနွေးချက်တွေ တင်ပြခဲ့တယ် လို့ အခုလို ပြောပြပါတယ်။

**ဦးစိုးဝင်း (ဥက္ကဌ၊ ငါးလုပ်ငန်းဖွံ့ဖြိုးရေး အသင်း)။ ။** ဧရာဝတီတိုင်းဒေသကြီး စိုက်ပျိုးမွေးမြူရေးနဲ့ ဆည်မြောင်း ဝန်ကြီး ဦးဘဟိန်းနဲ့သွားပြီး ဆွေးနွေးခဲ့တယ်။ သွားဆွေးနွေးပြီးတဲ့အပြင်ကို ကျနော်တို့ တိုင်းကွန်ရက်အနေနဲ့ အကြံ ပြုတဲ့ သဘောမျိုးနဲ့ နောက်ထွက်လာမယ့် ရေချိုငါးလုပ်ငန်းဥပဒေ အပေါ်မှာ ဘယ်လိုအချက်တွေ ပြုပြင်သင့်တယ်၊ ဘယ်လို အချက်တွေ ဖြည့်ဆည်းသင့်တယ် ဆိုတဲ့အပိုင်းတွေ ပါးစပ်နဲ့ရော စာနဲ့ရော ရေးပြီး အကြံပြုထားတာတွေ ရှိသလို၊ ငါးနဲ့စပါးကဲ့သို့ လုပ်ငန်းမျိုးကိုလည်း ကျနော်တို့အဖွဲ့က သိသလောက်ပုံကြမ်း ဆွဲပြီးတော့ ငါးစပါကို လုပ်မယ်ဆိုရင် လယ်သမားတစ်ယောက်ရဲ့ အကျိုးခံစားခွင့်ဟာ တစ်ဧကမှာ ဘယ်လောက်ရှိတယ်။ ဖြစ်လာနိုင်တဲ့ ဆိုးကျိုးတွေက ဘာတွေဖြစ်တယ်၊ တိုင်းကွန်ရက်အနေနဲ့ အကြံပြုချင်တာတွေကို ဝန်ကြီးကို ကျနော်ကိုယ်တိုင် အဖွဲ့ဝင်နှစ်ယောက်နဲ့အတူ သွားပြီး အကြံပြုစာအိတ်လည်း တင်ထားပါတယ်။ ကျနော်တို့ ဖြစ်ချင်တာက ငါးစပါး ဆိုတာက တိုင်းပြည်ရဲ့ စိုက်ပျိုးရေးလုပ်ငန်းကိုလည်း မထိခိုက်ဘူး၊ တစ်ဖက်ကလည်း ငါးကုန်ထုတ်လုပ်မှုကဏ္ဍ ပေါ်မှာ အများကြီးတိုးတတ် လာဖို့ အခွင့်အလမ်းတွေကို လက်ရှိလုပ်နေတဲ့ My Culture စီမံကိန်းနဲ့ရော၊ ကျနော်တို့ FDA အနေနဲ့ရော လုပ်နေတဲ့နေရာမှာ တွေ့ရှိလာတဲ့ အကျိုးရလာဒ်တွေပေါ်မှာ ကြည့်ပြီး၊ ငါးစပါးလုပ်ငန်းကို တင်ပြ တာပေါ့နော်။ တကယ်လို့သာ ကျနော်တို့နိုင်ငံရဲ့ ရာသီဥတုရော တကမ္ဘာလုံး ရာသီဥတု ဆိုးရွားနေတဲ့အခြေအနေ

ပေါ်မှာ လယ်သမားတွေရဲ့ အနာဂတ်ကာလဟာ လုပဖို့အခွင့်အလမ်းတွေဟာ နည်းပါးနေပါပြီ၊ ဘာဖြစ်လို့လဲဆို တော့ ကျနော်တို့ ဘယ်လောက်ပဲ စပါးစိုက်ချင်နေပါစေ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးနေတာတွေဟာလည်း မျက်မြင်ကိုယ်တွေ့ပါ။

ဒါ့ကြောင့် ဒီအတိုင်းသာဆက်သွားမယ်ဆိုရင် လယ်သမားတွေရဲ့ ဘဝက ဘယ်တော့မှဖွံ့ဖြိုးလာမှာမဟုတ်သလို နိုင်ငံတော်က စီမံကိန်းချမှတ်ပြီး ဆောင်ရွက်နေတဲ့ ကျေးလက်ဒေသဆင်းရဲမွဲတေမှု လျော့ချရေးလုပ်ငန်းဟာလည်း မအောင်မြင်နိုင်ပါဘူး။ ဒါ့ကြောင့် တပိုင်တနိုင်လုပ်နိုင်တဲ့သူတွေရော၊ တကယ်ဆန္ဒရှိပြီးတော့ ငါးလည်း မွေးချင် တယ် စပါးလည်းစိုက်ချင် တယ်ဆိုတဲ့သူတွေရော တရားဝင်လုပ်နိုင်ကိုင်နိုင်အောင် ဝန်ကြီးထံကို အကြံပြုထားပါ တယ်။ လာမယ့် ၂၀၁၇ ဇန်နဝါရီလမှာအပြီး တိုင်းလွှတ်တော်အနေနဲ့ ဧရာဝတီတိုင်းရဲ့ ငါးလုပ်ငန်းဥပဒေကို အသစ်ပြန် လည်ရေးဆွဲမယ်ဆိုတဲ့ ကတိတွေလည်း ရရှိနေပါပြီ။ အနာဂတ်အတွက် အခွင့်အလမ်းတွေ အများကြီး ရရှိလာမယ်လို့ ယုံကြည်ပါတယ်။

**နွဲ့နွဲ့ခိုင်။ ။** ဧရာဝတီတိုင်းဟာ နိုင်ငံ့ရဲ့စပါးကျီဆိုတဲ့ အခန်းကဏ္ဍကို တစ်ဖက်မှာ ထိန်းသိမ်းထားနိုင်သလို အခြား တစ်ဘက်ကနေ ငါးမွေးမြူရေးကို တွဲဖက်စိုက်ပျိုးခြင်း အားဖြင့် ငါးသယံဇာတလည်း မြင့်တက်လာမှာ ဖြစ်ပါတယ် ဆိုတဲ့အကြောင်း တင်ပြလိုက်ရပါတယ်။

**ဇင်ဝိုင်း။ ။** ဧရာဝတီတိုင်းဒေသကြီးအတွင်းက ရေနက်ကွင်းစပါး စိုက်ပျိုးရတဲ့ လယ်သမားတွေ ငါးမွေးမြူရေးကို ပြောင်းလဲ လုပ်ကိုင်လိုမှုနဲ့ ပတ်သက်ပြီး မြန်မာ့အသံရဲ့ အကြီးတန်းအယ်ဒီတာ နွဲ့နွဲ့ခိုင်က ဖျာပုံမြို့သို့ ကိုယ်တိုင် သွားရောက် မေးမြန် တင်ဆက်ထားတာ ဖြစ်ပါတယ်။ သောတရှင် မိဘပြည်သူတွေ ကြိုက်နှစ်သက်ကြမယ်လို့ ယုံကြည်ပါတယ်။ တကယ်လို့ သောတရှင် လယ်သမားတွေအနေနဲ့ လယ်ယာမြေ ပြောင်းလဲလုပ်ကိုင်ခွင့်နဲ့ ပတ် သက်ပြီး သတင်းအချက်အလက်များပိုမို သိရှိချင်တယ်ဆိုရင် မိမိတို့နေထိုင်ရာ မြို့နယ်များရှိ သက်ဆိုင်ရာ စိုက် ပျိုးရေး၊ မွေးမြူရေးဌာနများကို တိုက်ရိုက်ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း တိုက်တွန်းလိုက်ရပါတယ်ခင်ဗျာ။

**နောက်ဆက်တွဲ (၁)။ ။ ဆွေးနွေးချက် မှတ်စုပုံစံ**

နေရာ။ ။ ____________________မြို့နယ် ၊ ကျေးရွာအုပ်စု၊ ________________________ကျေးရွာအုပ်စု ၊ ____________________________ ကျေးရွာ

ဦးရေ။ ။ (          ) ဦး

ရေဒီယိုအစီအစဉ် အမည်။ ။ နေ့စွဲ။ ။

| စဉ် | ဆွေးနွေးသူ အမည် | ဆွေးနွေးချက်များနှင့် လေ့လာတွေ့ရှိချက်များ | ဆက်လက် ဆောင်ရွက်ရန် |
|---|---|---|---|
| | | | |